**Network for Democracy and Development**

**Documentation and Research Department**

**P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.**
**E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com**

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၀၄၅/ ၂၀၁၁]

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့မှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ အမှန်တကယ်လုပ်ဆောင်ခြင်းရှိမရှိကို လာရောက်လေ့လာသည့် ဗြိတိန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဝန်ကြီး အင်ဒရူးမစ်ချယ်နှင့်တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိုင်ငံတွင်း ပြုပြင်ပြောင်းလဲများကို အမှန်တကယ်ဖြစ်ပေါ်နေပြီး ၎င်းပြုပြင်ပြောင်းလဲမှုများသည် နောက်ကြောင်းပြန်၍မရတော့ကြောင်း ပြောကြားလိုက်သည်။ (BBC 161111) Read More…
- ပဏာမသဘောတူညီချက်အတိုင်း အပစ်ရပ်နယ်မြေအတွင်း အစိုးရဌာနဆိုင်ရာဝန်ထမ်းများ ပြန်လည်ချထားရေးအတွက် သျှမ်းပြည်နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက အထူးဒေသ ၄ မိုင်းလားသို့ နိုဝင်ဘာ ၁၅ ရက်နေ့က ရောက်ရှိနေကြောင်း မိုင်းလားတပ်ဖွဲ့နှင့်နီးစပ်သူတစ်ဦးကပြောသည်။ (S.H.A.N 161111) Read More…
- သျှမ်းပြည်တပ်မတော်မြောက်ပိုင်း SSPP-SSA အား စည်းရုံးများခေါ်ရန် မကြာခင်ထောင်မှ လွှတ်မြောက်လာသည့် ဗိုလ်ချုပ် ဆေထဲန့်ကို နိုဝင်ဘာအစောပိုင်းက နေပြည်တော်အမိန့်ဖြင့် ရမခ (အရှေ့မြောက်တိုင်းစစ်ဌာနချုပ်) က တရုတ်လုပ်စလွန်းကား ၃ စီးပေးကြောင်း စစ်တိုင်းရုံးနှင့်နီးစပ်သူတစ်ဦးကပြောသည်။ (S.H.A.N 161111) Read More…
- မွန်ပြည်သစ်ပါတီနှင့် တွေ့ဆုံဆွေးနွေးရေး ဖြစ်မြောက်ရန်အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြည်တွင်းရှိ မွန်ခေါင်းဆောင် ၅ ဦးကို အကျိုးတော်ဆောင်များအဖြစ် ရွေးချယ်တာဝန်ပေးခဲ့ပြီးနောက် MNSP နှင့် ၂ ရက်ကြာသွားရောက်တွေ့ဆုံခဲ့ရာတွင် နောက်ထပ်တွေ့ဆုံဆွေးနွေးရန် အလားအလာကောင်းကြောင်း အကျိုးဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ (IMNA 161111) Read More…
- မန္တလေးမြို့တွင် ငြိမ်းချမ်းရေးတရားပွဲလုပ်ခဲ့သည့် သံဃာ ၅ ပါးကို မန္တလေးမြို့ပေါ်မှ ကျောင်းတိုက်များတွင် ဆက်လက်သီတင်းသုံးခွင့် မပြုတော့ကြောင်း သာသနာရေးဝန်ကြီးဌာနအပါအဝင် အဖွဲ့အစည်းပေါင်းစုံအားလုံးနှင့် မစိုးရိမ်ဆရာတော်ကြီးပါ တာဝန်ယူပြီး ဇာတိနယ်မြေ မုံရွာသို့ ပြန်ခိုင်းလိုက်ကြောင်း ဆန္ဒပြသံဃာတော်တစ်ပါးက မိန့်ကြားလိုက်သည်။ (DVB 171111) Read More…
- ဦးသိန်းစိန် အစိုးရအဖွဲ့အတွင်း သဘောထားတင်းမာသူများရှိနေသည်ဆိုသည့် စွပ်စွဲချက်များသည် မမှန်ကန်ကြောင်း ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက ဂေါ်စထရီ ဂျာနယ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုလိုက်သည်။ (DVB 171111) Read More…
- မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌရာထူး တာဝန်ယူရန် အာဆီယံခေါင်းဆောင်များ၏ အတည်ပြုလိုက်ခြင်းသည် အာဆီယံစိတ်ဓါတ်ကို ပြသလိုက်ခြင်းဖြစ်ကြောင်း ကြံ့ဖွံ့အစိုးရ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောကြားလိုက်သည်။ (BBC 171111) Read More…
- အစိုးရပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ စာပေဗိမာန် စာအုပ်တိုက်မှ နေပြည်တော်တိုင်မ်းဟု အမည်ပေးထားသည့် အပတ်စဉ်ထုတ်ဂျာနယ်သစ်တစ်စောင်ကို နိုဝင်ဘာ ၁၈ ရက်နေ့က စတင်ထုတ်ဝေဖြန့်ချိလိုက်ကာ ၎င်းဂျာနယ်သည် အစိုးရဆောင်ရွက်ချက်များကို ဦးစားပေးဖော်ပြထားကြောင်း အမည်မဖော်လိုသူ ယင်းဂျာနယ်အယ်ဒီတာတစ်ဦးက ပြောသည်။ (Mizzima 181111) Read More…
- သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများ လုပ်သွားရန်အတွက် အစိုးရသစ်အနေဖြင့် ကြိုးပမ်းနေကြောင်း၊ ယင်းသို့ဖော်ဆောင်ရာတွင် အနောက်နိုင်ငံများ၌ ကျင့်သုံးသည့်ဒီမိုကရေစီစံနစ်နှင့် ထပ်တူဖြစ်မည်မဟုတ်ကြောင်း မြန်မာသတင်းထောက်များနှင့်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောဆိုလိုက်သည်။ (BBC 191111) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- အာဆီယံထိပ်သီးအစည်းအဝေးအတွင်း မြန်မာသမ္မတ ဦးသိန်းစိန်က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့်သီးသန့်တွေ့ဆုံမှုတစ်ခုတွင် မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားချက်အပေါ် မစ္စတာ ဘန်ကီမွန်းက လက်ခံကြိုဆိုလိုက်သည်။ (BBC 191111) Read More...
- သမ္မတ ဦးသိန်းစိန်က အာဆီယံထိပ်သီးဆွေးနွေးပွဲအပြီးတွင် မြန်မာနိုင်ငံအတွက် သတင်းကောင်းများနှင့် အစိုးရ၏ပကတိအားလုံးအကောင်းမဟုတ်သေးသော်လည်း ပြုပြင်စရာများ၊ စောင့်ကြည့်လေ့လာစရာများရှိနေဆဲဖြစ်ကြောင်း ပြောဆိုလိုက်သည်။ (BBC 191111) Read More...
- ရွေးကောက်ပွဲအပြီး တစ်နှစ်အကြာတွင် မန္တလေးတိုင်းဒေသကြီးတွင် အစိုးရဝန်ထမ်းများကို ကြပ်ကြပ်မတ်မတ်ကိုင်တွယ်ခဲ့သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖြစ်သူဦးရဲမြင့်ကို များစွာချီးကျူးသော်လည်း အောက်ခြေအဆင့် အစိုးရဝန်ထမ်းများက ယခင်အတိုင်းသာ ဆက်ရှိနေသေးကြောင်း ၂၀၁၀ ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့သောတစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးစိန်လှကပြောဆိုလိုက်သည်။ (Myanmar Times Vol.28, No.544 18-241111) Read More...

### တပ်မတော်

### (က) စစ်ဆင်ရေး

- ကချင်ပြည်နယ်အတွင်း အစိုးရတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်တို့အကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီးနောက် နိုဝင်ဘာ ၁၆ ရက်နေ့ မံစီမြို့နယ်နှင့်မိုးမောက်မြို့နယ်တို့တွင် တိုက်ပွဲများပိုမိုပြင်းထန်လာသဖြင့် ဒေသခံလူထုများက ထောင်ချီထွက်ပြေးနေရသည်ဟု ဒေသခံများကပြောသည်။ (DVB 161111) Read More...
- ပဲခူးတိုင်း-ကျောက်ကြီးမြို့နယ်မှ ၎င်းတို့ရှေ့တန်းတပ်စခန်းချရာ ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်နှင့်ထိုင်း-မြန်မာနယ်စပ်သို့ ရိက္ခာ ပို့ဆောင်ပေးနေသည့် ကြံ့ဖွံ့အစိုးရစစ်တပ်များသည် ၎င်းတို့ရိက္ခာပို့ဆောင်ရာလမ်းတလျှောက်ရှိ မသင်္ကာဖွယ်ရာနေရာများကို မော်တာဖြင့်ပစ်ခတ်သောကြောင့် ဒေသခံများထိတ်လန့်နေကြသည်။ (KIC 161111) Read More...

### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- အစိုးရတပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်း တည်ဆောက်ရန်အတွက် ကရင်နီပြည်နယ် ဖရူဆိုမြို့နယ်အတွင်း သိမ်းဆည်းထားသည့်မြေနေရာမှ စိုက်ခင်းများကို အမြန်ဆုံးရိတ်သိမ်းပေးရန် ဒေသခံအစိုးရစစ်တပ်မှ အမိန့်ပေးလိုက်သည်။ (KIC 141111) Read More...
- ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် သြရမကျေးရွာမှ အသက် ၁၄ နှစ်အရွယ် ခုနစ်တန်းကျောင်းသား မောင်ရဲငြိမ်းအား ဘူးသီးတောင်အခြေစိုက် ခြေမြန်တပ်ရင်း ၂၃၄က တပ်ကြပ် စိုးအောင်နှင့် တပ်သားမောင်ပြားတို့ကပညာသင်ကြားပေးမည်ဟု လိမ်လည်လှည့်ဖျားကာ စစ်သားအဖြစ်စုဆောင်းခဲ့ကြောင်း မိဘများနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (Narinjara 171111) Read More...
- နိုဝင်ဘာ ၁၇ ရက်နေ့က ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းရှိ ကချင်လွတ်မြောက်ရေးတပ်မတော် KIA ၏ ရှေ့တန်းတပ်စခန်းတစ်ခုကို အစိုးရထပ် တပ်မ ၈၈ လက်အောက်ခံတပ်ဖွဲ့များက သိမ်းပိုက်လိုက်ပြီး ဖကွန်ကျေးရွာထဲမှ နေအိမ်အချို့ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း KIA အရာရှိတစ်ဦးက ပြောသည်။ (DVB 181111) Read More..., S.H.A.N...
- သျှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့အနီးရှိ နတ်စဉ်ကုန်းတွင် စခန်းချထားသည့် အစိုးရတပ်က နမ်းခမ်းမြို့မှ နို့စို့အရွယ်ကလေးအပါအဝင် ကချင်အမျိုးသမီး ၄ ဦးကို မသင်္ကာမှုဖြင့် နိုဝင်ဘာလ ၁၈ ရက်နေ့က ဖမ်းဆီးသွားပြီးနောက် ယခုအချိန်အထိ ပြန်မလွှတ်သေးကြောင်း ဖမ်းဆီးခံရပြီး ပြန်လည်လွတ်မြောက်လာသူ ပလောင်အသင်းအုပ်ဆရာတစ်ဦးက ပြောသည်။ (RFA 191111) Read More...

### လွှတ်တော်

- ပြည်ထောင်စု လွှတ်တော်က အတည်ပြုလိုက်သော ဥပဒေကြမ်းများကို အခြေခံဥပဒေခုံရုံးသို့ ပေးပို့တော့မည်မဟုတ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က နိုဝင်ဘာ ၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင်ပြောကြားလိုက်သည်။ (The Voice 191111) Read More...

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

### မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်

- ယုံကြည်ချက်ကြောင့် အကျဉ်းထောင်များအတွင်း ကျန်ရှိနေသူများကို ထပ်မံလွှတ်ပေးရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က သမ္မတ ဦးသိန်းစိန်ထံ မေတ္တာရပ်ခံ တောင်းဆိုစာတစ်စောင်ကို နိုဝင်ဘာ ၁၂ ရက်နေ့ နေ့စွဲဖြင့် ပေးပို့ပန်ကြားလိုက်သည်။ (VOA 131111) Read More...

### အခြားနိုင်ငံရေးပါတီများ

- အစိုးရနှင့်ကချင်လွတ်မြောက်ရေးအဖွဲ့ KIO အကြား ဖြစ်ပွားနေသည့်စစ်ပွဲများ ရပ်ဆိုင်းရန်အတွက် နိုင်ငံရေးပါတီအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသည့် တိုင်းရင်းသားခေါင်းဆောင်များက Vision of Peace ဆိုသည့် ငြိမ်းချမ်းရေးအဖွဲ့တစ်ဖွဲ့ကို နိုဝင်ဘာ ၁၂ ရက်နေ့က ဖွဲ့စည်းလိုက်ကြောင်း အဖွဲ့အတွင်းရေးမှူး ပူးရှန်းထွန်းကပြောသည်။ (RFA 131111) Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီက လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအယောက် ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည်ကြောင်း ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ (DVB 151111) Read More...
- ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကတိကဝတ်များအား စောင့်ကြည့်သည့်ကော်မတီနှင့် တိုင်ကြားစာလက်ခံသည့်ကော်မတီများ ထားရှိသင့်ကြောင်း ဗဟန်းမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းမှ သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲတွင် အကြံပြုပြောကြားခဲ့သည်။ (Myit Makha 161111) Read More...
- လွှတ်တော်တွင် ကြံ့ဖွံ့ပါတီ USDP မှ တင်သွင်းထားသည့် လယ်ယာမြေ ဥပဒေမူကြမ်းသည် တောင်သူလယ်သမားများကို နစ်နာစေနိုင်သည့်အတွက် အတည်မပြုသေးဘဲဆိုင်းငံ့ထားရန် ဒီမိုကရေစီ မိတ်ဆွေပါတီများအဖွဲ့ ၁၀ ပါတီမှ နိုဝင်ဘာ ၁၅ ရက်နေ့က လွှတ်တော်အကြီးအကဲများထံ စာရေးသားတိုက်တွန်းလိုက်ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (RFA 161111) Read More...
- အမျိုးသားဒီမိုကရေစီအင်အားစုပါတီ NDF က ပါတီစည်းရုံးရေးလုပ်ငန်းများကို အားမြှင့်ဆောင်ရွက်နိုင်ရန်အတွက်ရည်ရွယ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူငယ်လုပ်ငန်း ဖော်ဆောင်ရေးအဖွဲ့များကို ဖွဲ့စည်းသွားရန် နိုဝင်ဘာ ၁၅ ရက်နေ့က ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောဆိုလိုက်သည်။ (RFA 161111) Read More...
- ဒီဇင်ဘာလအတွင်း ကျင်းပနိုင်သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမပါဝင်ရန် ရာခိုင်နှုန်းများကြောင်း ရန်ကုန်ရုံးမှ SNDP တာဝန်ခံတစ်ဦးက ပြောသည်။ (S.H.A.N 161111) Read More...
- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD ပြန်လည် မှတ်ပုံတင်ကာ ရွေးကောက်ပွဲဝင်သည်ကို ပြိုင်ဘက်ဟောင်းများနှင့် မိတ်ဆွေများက ကြိုဆိုလိုက်ပြီး NLD နှင့် ပူးပေါင်းရန်ဆန္ဒရှိကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု NDF မူဝါဒရေးရာကော်မတီ ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ (Mizzima 181111) Read More...
- ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ရွေးကောက်ပွဲအပြီး မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ "ရွေးကောက်ပွဲပြီးတော့ တိုင်းပြည်က သိသိသာသာ ပြောင်းလဲလာပါတယ်။ အရင်တုန်းက တစ်ပါတီပုံစံကနေ အခုဆို ပါတီစုံ ဒီမိုကရေစီ စနစ်ကိုသွားနေပြီ။ ပြည်သူကနေ ရွေးကောက်လိုက်တဲ့ အစိုးရဖြစ်လာပြီ။ အစိုးရသစ်ကိုယ်တိုင်ကလည်း ဒီလိုပြောင်းလဲဖို့ ဆန္ဒရှိလာလို့လည်း ဖြစ်ပါတယ်"ဟု ပြောဆိုလိုက်သည်။ (Myanmar Times Vol.28, No.544 18-241111) Read More...

### အတိုက်အခံအင်အားစုများ (ပြည်တွင်း)

#### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်နေ့ တစ်နှစ်မြောက်နေ့သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လက်ရှိမြန်မာနိုင်ငံ၏ တရားစီရင်ရေးမဏ္ဍိုင်သည် လွတ်လပ်သန့်ရှင်းမှုမရှိသေးကြောင်း ပြောကြားလိုက်သည်။ (Mizzima 141111) Read More..., Irrawaddy...
- နိုဝင်ဘာလ ၁၄ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်တွင် ကျင်းပခဲ့သည့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်နေ့ တစ်နှစ်မြောက်နေ့အခမ်းအနား၌ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအကျဉ်းသားများအားလုံးလွတ်မြောက်ရေးသည် ဒီမိုကရေစီလိုလားသူများအားလုံး၏ အဓိကလိုလားချက်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ (VOA 141111) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ပြုစုထားသည့် နိုင်ငံရေးအကျဉ်းသားများစာရင်းကို နိုဝင်ဘာ ၁၄ ရက်နေ့တွင် ထုတ်ပြန်လိုက်ခဲ့ရာ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၅၉၁ ဦးရှိကြောင်း အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုံးကြိုင်ကပြောသည်။ (RFA 141111) Read More…
- ဒေါ်အောင်ဆန်းစုကြည်က သမ္မတ ဦးသိန်းစိန်၊ ဝန်ကြီး ဦးအောင်ကြည်တို့နှင့် မိမိတွေ့ဆုံမှုများ၏ ရလဒ်အနေဖြင့် နိုင်ငံရေးဖြစ်စဉ်များတွင် အပြောင်းအလဲအချို့ရှိခဲ့ကြောင်း နိုဝင်ဘာ ၁၄ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (RFA 141111) Read More…
- ရန်ကုန်မြို့ လှိုင်သာယာတွင် ဖွင့်လှစ်ထားသောအမေ့အိမ် အခမဲ့စာသင်ကျောင်းအား လေ့လာနိုင်ရန်အတွက် နိုဗင်ဘာ ၁၇ ရက်နေ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဗြိတိသျှပါလီမန်အမတ် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာနဝန်ကြီး အင်ဒရူးမစ်ချယ်အား သွားရောက်ပို့ဆောင်ပေးခဲ့သည်။ (Irrawaddy 171111) Read More…
- ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြန်လည်မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်သင့်ကြောင်း အဖွဲ့ချုပ် လူငယ်လုပ်ငန်းများဖော်ဆောင်ရေးအဖွဲ့က ကြေညာချက်တစ်ရပ်ထုတ်ပြန်တိုက်တွန်းလိုက်ကြောင်း လူငယ်အဖွဲ့ တာဝန်ခံ (၁) ကိုမျိုးညွန့်က ပြောကြားလိုက်သည်။ (RFA 171111) Read More…, Yoma3…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က နောင်လာမည့် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု နိုဗင်ဘာ ၁၈ ရက်နေ့က ကျင်းပသော ဗဟိုဦးစီးကော်မတီ အစည်းအဝေးတွင် တိုင်းနှင့်ပြည်နယ် ရုံးခွဲများမှ ဗဟိုဦးစီးအဖွဲ့ဝင် ၁၀၆ ဦးလုံးက ကန့်ကွက်သူမရှိ ထောက်ခံဆွေးနွေးကြပြီး အသံဖြင့်မဲခွဲဆုံးဖြတ်ခဲ့သည်ဟု အဖွဲ့ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 181111) Read More… Yoma3
- ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှ မြန်မာနိုင်ငံအတွက် အကျိုးမရှိစေသည့်အချက်များကို ပြင်ဆင်သွားနိုင်ရေးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD တရားဝင်ပြန်မှတ်ပုံတင်ပြီးသည့်နောက်ပိုင်း အဓိကထား၍လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၁၈ ရက်နေ့က ပြုလုပ်သည့် အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (VOA 181111) Read More…, BBC…, Irrawaddy…
- သမ္မတဦးသိန်းစိန်အပါအဝင် အစိုးရကိုယ်စားလှယ် ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုများရှိခဲ့ပြီးနောက်ပိုင်း ရလာသည့်ရလဒ်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် အစိုးရနှင့် ပူးတွဲလုပ်ဆောင်နိုင်မည့် အလားအလာများရှိကြောင်း အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောဆိုလိုက်သည်။ (BBC 181111) Read More…
- ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည် တရားဝင်ပြီသား၊ ဘယ်သူမှ ဖျောက်ဖျက်ပစ်လို့မရသော်လည်း ရွေးကောက်ပွဲရလဒ် လွှတ်တော်ပေါ်ပေါက်ရေးတောင်းဆိုချက်သည် ယခုအချိန်တွင် လက်တွေ့မကျသည့် တောင်းဆိုချက်ဖြစ်သွားပြီဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၁၈ ရက်နေ့ အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (DVB 181111) Read More…

## (ခ) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)

- မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (MNDF) သည် မွန်ပြည်သစ်ပါတီမှ ခေါင်းဆောင်ဟောင်းရှစ်ဦးနှင့် အင်အားဖြည့်တင်း၍ ပါတီတောင့်တင်းလာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း MNDF အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းစိုးလင်းက ပြောသည်။ (Mizzima 151111) Read More…
- တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် ကျောင်းသားခေါင်းဆောင်များ၊ သံဃာ့ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်ထဲ၌ ထောင်ချကျန်ရှိနေသေးသဖြင့် ဒေါ်အောင်ဆန်းစုကြည်အမှူးပြုသော အမျိုးသားဒီမိုကရေးစီအဖွဲ့ချုပ်က ကြားဖြတ်ရွေးကောက်ပွဲဝင်ရန် ပါတီမှတ်ပုံတင်လိုက်ပါက သူမအပေါ် တိုင်းရင်းသားများ၏ယုံကြည်ထောက်ခံမှု ထိခိုက်နိုင်သည်ဟု သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပြောခွင့်ရ စိုင်းလိတ်က ပြောသည်။ (S.H.A.N 151111) Read More …
- CRPP ကို နိုင်ငံရေးအရ ဦးဆောင်နေသည့် NLD ပါတီက နိုဝင်ဘာ ၁၈ ရက်နေ့တွင် ပါတီမှတ်ပုံ ပြန်တင်မည်ဟု ဆုံးဖြတ်ပါက "CRPP ရဲ့ အနေအထားကလည်း ပုံစံပြောင်းရမယ့် သဘောရှိတယ်။" ဟု CRPP အဖွဲ့ဝင်တစ်ခုဖြစ်သော မွန်အမျိုးသားဒီမိုကရေစီအဖွဲ့မှ ဦးနိုင်ငွေသိန်းက ပြောသည်။ (Mizzima 171111) Read More…
- သျှမ်းခေါင်းဆောင်အပါအဝင် နိုင်ငံရေးအကျဉ်းသားအချို့ကို လွှတ်ငြိမ်းချမ်းသာခွင့်မပေးသေးဘဲ ထောင်ပြောင်းရွှေ့ခဲ့ခြင်းနှင့် ပတ်သက်၍ အစိုးရသည် မိမိစွမ်းဆောင်မှုအားကို ယုံကြည်စိတ်ချမှုမရှိ၍ဖြစ်ကြောင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပြောခွင့်ရ ပုဂ္ဂိုလ် စိုင်းလိတ်က ပြောသည်။ (S.H.A.N 171111) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

### (ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- အကျဉ်းထောင်လက်စွဲဥပဒေပါခံစားခွင့်များရရှိရေးအတွက် အစာအငတ်ခံဆန္ဒပြနေသည့် အင်းစိန်ထောင်ဆေးရုံမှနိုင်ငံရေးအကျဉ်းသားများကို ဆေးဝါးအပြည့်အဝကုသခွင့်ပေးရန် နိုင်ငံရေးအကျဉ်းသားမိသားစုများ အကျိုးဆောင်ကွန်ယက်က နိုဝင်ဘာ ၁၃ ရက်နေ့ နေ့စွဲဖြင့် ကြေညာချက်တစ်ရပ်ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 141111) Read More…
- ရွှေဝါရောင်သပိတ်ကြောင့် အဖမ်းခံထားရသည့် သံဃာတော်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေးအတွက် သံဃာတော် ၅ ပါးက မန္တလေးမဟာမြတ်မုနိဘုရားကြီးဝင်းထဲတွင် နိုဝင်ဘာ ၁၄ ရက်နေ့ နံနက် ၅ နာရီမှစတင်ကာ ဆန္ဒပြနေကြပြီး အသံချဲ့စက်နှင့်ဟောပြောနေကြောင်း ဆန္ဒပြသံဃာတပါးဖြစ်သည့် ဦးမာဃကမိန့်ကြားလိုက်သည်။ (DVB 151111) Read More…
- နိုင်ငံရေးအကျဉ်းသားများ လွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရရေး အချက်သုံးချက်အတွက် မန္တလေးဘုရားကြီး မဟာဗုဒ္ဓဂင်ပြတိုက်တွင် ဆန္ဒပြခဲ့ကြသည့် သံဃာတော် ၅ ပါးက သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ပေါက်ရေးအထိ ဆက်လက်တောင်းဆိုသွားမည်ဟု သံဃာတော် ၅ ပါးမှ တပါးဖြစ်သူ ဦးမာဃက မိန့်ကြားလိုက်သည်။ (DVB 161111) Read More…
- မန္တလေးမြို့ မဟာမြတ်မုနိ ဘုရားကြီးဝင်းအတွင်း နိုဂင်ဘာ ၁၅ ရက်နေ့က စတင်ခဲ့သည့် သံဃာငါးပါး၏ ဆန္ဒပြမှုသည် မန္တလေးတိုင်း သံဃနာယက ဥက္ကဋ္ဌအပါဝင် ဆရာတော်ကြီး ၁၀ ပါး၏ ဩဝါဒအရ ဆန္ဒပြပွဲ အဆုံးသတ်သွားပြီဖြစ်ကြောင်း မြို့ခံများကပြောသည်။ (Mizzima 161111) Read More…
- ထိန်းသိမ်းခံထားရသည့် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များနှင့်တကွ နိုင်ငံရေးအကျဉ်းသားများကို ထောင်ပြောင်းရွှေ့ရုံမဟုတ်ဘဲ ချွင်းချက်မရှိအမြန်ဆုံးလွှတ်ပေးရန်လိုအပ်ကြောင်း (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့က တောင်းဆိုလိုက်သည်ဟု အဖွဲ့ဝင် ကိုစိုးထွန်းကပြောသည်။ (RFA 171111) Read More…

### (ဃ) မီဒီယာ

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သတင်းစာရှင်းလင်းပွဲသတင်းကို စာပေစိစစ်ရေးက အကန့်အသတ်ဖြင့် ဖော်ပြခွင့်ပြုခဲ့ပြီး နိုဂင်ဘာ ၁၄ ရက်နေ့က ဖြစ်ပွားခဲ့သော မန္တလေးသံဃာဆန္ဒပြပွဲသတင်းကိုလည်းပိတ်ပင်ထားကြောင်း ပြည်တွင်းသတင်းဂျာနယ် တာဝန်ခံအယ်ဒီတာတစ်ဦးကပြောသည်။ (Irrawaddy 161111) Read More…

### တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်အမျိုးသားအစည်းအရုံး KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဝင်များက အစိုးရကိုယ်စားလှယ် မီးရထားဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်မကြာမီငြိမ်းချမ်းရေးဆွေးနွေးမှုများစတင်တော့မည်ဟု KNU ဒု-ဥက္ကဋ္ဌ ပဒိုစောဒေးဗစ်သာကပေါ ကပြောသည်။ (BBC 131111) Read More…
- ကချင်ပြည်နယ် မန့်ဝိန်းကြီးကျေးရွာအုပ်စု လွယ်ဟိုစေတောင်ရှိ ကြံ့ဖွံ့အစိုးရတပ်မြေအောက်လိုဏ်ခေါင်းတပ်စခန်းတစ်ခုအား KIA မှ နိုဝင်ဘာ ၁၃ ရက်နေ့ နံနက်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဗိုလ်မှူးတစ်ဦးအပါအဝင် တပ်သား ၅ ဦးကျဆုံးကာ ၃ ဦး ဒဏ်ရာရရှိကြောင်း KIA ရှေ့တန်းစစ်ဘက်သတင်းရပ်ကွက်ကပြောသည်။ (S.H.A.N 141111) Read More…
- ယခုလဆန်းပိုင်းတွင် မြန်မာအစိုးရနှင့် အပစ်ခတ်ရပ်ခဲ့သော DKBA တပ်ဖွဲ့ဝင်များ ထိုင်းမြန်မာနယ်စပ်၊ ဘုရားသုံးဆူမြို့နှင့် အနီးပတ်ဝန်းကျင်သို့ လက်နက်ကိုင်ဆောင် သွားလာခွင့်မပြုကြောင်း အမည်မဖော်လိုသည့် မြန်မာအရာရှိတစ်ဦးကပြောသည်။ (IMNA 141111) Read More…
- ထိုင်း-မြန်မာနယ်စပ်အခြေစိုက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အစိုးရကိုယ်စားလှယ်များ မကြာခင်လာရောက်မည်ဟုသတင်းများထွက်ပေါ်နေခြင်းသည် မှန်ကန်မှုမရှိသော်လည်း သမ္မတ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ကြိုဆိုသောအားဖြင့် ဆက်သွယ်မှုများရှိလာလျှင်လက်ခံမည်ဟု KNPP အတွင်းရေးမှူး ဦးခူးဦးရယ်က ပြောသည်။ (BBC 141111) Read More…
- နိုဂင်ဘာ ၁၃ ရက်နေ့က ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ ၇ တွင် ပြုလုပ်သည့် KNU တာဝန်ရှိသူများနှင့်ဆွေးနွေးပွဲ၌ ကရင်နယ်ခြားစောင့်တပ်ရင်း ၁၀၁၂ မှခွဲထွက်ခဲ့သော ဗိုလ်မှူးစောဘီဦးဆောင်သည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) တပ်ဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး(KNU)၏ ဦးဆောင်မှုအောက်တွင် ဆက်လက်ရပ်

တည်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု KNLA တပ်မဟာ ၇ တပ်မှူး ဗိုလ်မှူးချုပ် စောဂျော်နီက ပြောသည်။ (Irrwaddy 151111) Read More…, KIC…

- မွန်ပြည်သစ်ပါတီ MNSP ဗဟိုစခန်းတွင် လာရောက်တွေ့ဆုံခဲ့သော မွန်ပြည်နယ်အစိုးရမှ စေလွှတ်လိုက်သည့်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့မှ အချက် ၄ ချက်အဖြစ် တင်ပြခဲ့သည့် အပစ်အခတ်ရပ်စဲရေး၊ MNSP တပ်ဖွဲ့များ နေရာချထားရေး၊ MNSP အတွက် ဆက်ဆံရေးရုံးနေရာထားရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် နောက်တဆင့်ဆွေးနွေးရေးတို့ကို MNSP အနေဖြင့် လာမည့်ဒီဇင်ဘာလ ဗဟိုကော်မတီအစည်းအဝေးပြီးမှသာ အကြောင်းပြန်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်ဟု MNSP အရာရှိတစ်ဦးက ပြောသည်။ (BBC 151111) Read More…
- နိုဝင်ဘာလ ၁၁ ရက်နေ့က ကျင်းပသည့် ၂၁ ကြိမ်မြောက် ချင်းအမျိုးသားတပ်မတော် အခြေခံစစ်သင်တန်းဆင်းပွဲတွင် စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး ဆော်လမွန်က ချင်းအမျိုးသားရေးအတွက် အနှစ် ၂၀ ကျော် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ခြင်းသည် အမျိုးသားခုခံကာကွယ်ရေးအတွက်ဖြစ်ကြောင်း သင်တန်းသားများအားမှာကြားလိုက်သည်။ (Khonumthung 161111) Read More…
- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် တောင်ဘက် ၁၀ မိုင်ကျော်အကွာတွင် လှုပ်ရှားနေသည့် အစိုးရစစ်တပ် ခလရ(၂၁၂)၊ ခမရ(၃၅၇) တပ်ရင်းနှင့် KNLA တပ်ရင်း (၁၈)၊ တပ်ရင်း(၂၀၁)တို့အကြား နိုဝင်ဘာ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဆက်တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရပ်တပ်သား ၁၄ ဦး ကျဆုံးပြီး ၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း KNU ကော့ကရိတ်မြို့နယ် ပြန်ကြားရေးတာဝန်ခံတစ်ဦးက ပြောသည်။ (KIC 171111) Read More…
- အစိုးရအနေဖြင့် စစ်ရေးနည်းအရ ကချင်လက်နက်ကိုင်အဖွဲ့များကို ဖိအားပေးပြီး အပစ်အခတ်ရပ်စဲရန် ကြိုးစားနေသည်ဆိုလျှင် မှားလိမ့်မည်ဟု ကချင်လွတ်မြောက်ရေးတပ်မတော် KIA ဒုတိယ စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောဆိုလိုက်သည်။ (VOA 171111) Read More…
- ကရင်ပြည်နယ်အစိုးရနှင့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူထားသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) ကလို့ထူးဘောအဖွဲ့သည် ယခုနှစ်လယ်ပိုင်းတွင် အစိုးရတပ်များနှင့် ကရင်ပြည်နယ် ၃ မြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲမှတ်တမ်းဗွီဒီယိုအား အများပြည်သူသိရှိစေရန်အတွက် နိုဝင်ဘာ ၁၈ ရက်နေ့တွင် စတင်ဖြန့်ချိလိုက်သည်။ (Irrawaddy 181111) Read More…
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက်တွင် နိုဝင်ဘာလ ၁၃ ရက်နေ့ညက မိဘမဲ့ကလေးစောင့်ရှောက်ရေးအိမ်ရာ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ကချင်လွတ်မြောက်ရေးအဖွဲ့ KIO က ရှုတ်ချကြောင်း၊ ဗုံးပေါက်ကွဲသည့် ဖြစ်ရပ်ကိုအမှုမှန်ဖော်ထုတ်ရန်လိုအပ်ကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောကြားလိုက်သည်။ (Mizzima 181111) Read More…
- မြန်မာနိုင်ငံကို လာမည့် ၂၀၁၄ ခုနှစ် အာဆီယံအဖွဲ့ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ပေးရန် အာဆီယံခေါင်းဆောင်များက သဘောတူလိုက်ခြင်းသည် အချိန်စောသေးကြောင်း လက်နက်ကိုင် တိုင်းရင်းသားတပ်ဖွဲ့များက ပြောသည်။ (KIC 181111) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တရားဝင်ပါတီအဖြစ်မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်မည့်ကိစ္စနှင့်ပတ်သက်၍ မွန်ပြည်သစ်ပါတီက ထောက်ခံကြိုဆိုကြောင်း ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်က နိုဝင်ဘာ ၁၈ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (IMNA 181111) Read More…
- မွန်ပြည်သစ်ပါတီ MNSP က UNFC တပ်ပေါင်းစုအနေဖြင့်သာ မြန်မာအစိုးရနှင့် ဆွေးနွေးလိုကြောင်း မွန်ပြည်နယ်အစိုးရ ငြိမ်းချမ်းရေးကိုယ်စားလှယ်များကို နိုဝင်ဘာ ၁၈ ရက်နေ့က အကြောင်းပြန်ကြားလိုက်ကြောင်း MNSP ဥက္ကဋ္ဌ နိုင်ထောမွန်ကပြောသည်။ (IMNA 181111) Read More…

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုသည် ပြည်တွင်းပြည်ပဖိအားများကို ကျော်လွှားနိုင်ရန် နည်းပရိယာယ်အရ အစိုးရ၏ ဆောင်ရွက်ချက်သာဖြစ်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့်လည်း ပါတီမှတ်ပုံတင်ရေးကို ဘက်ပေါင်းစုံမှသုံးသပ်ရန် ပြည်ပအခြေစိုက် မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် DAB က ကြေညာချက်တစ်ရပ်ထုတ်ပြန်တိုက်တွန်းလိုက်သည်။ (RFA 151111) Read More…
- ရွှေဝါရောင်သပိတ်ကြောင့် အဖမ်းခံထားရသည့် သံဃာတော်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆန္ဒပြတောင်းဆိုနေသည့် သံဃာတော် ၅ ပါးအား မိမိတို့အနေဖြင့်ထောက်ခံကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု ပြည်ပတာဝန်ခံက အရှင်ပညာဇောတက မိန့်ကြားလိုက်သည်။ (VOA 151111) Read More…
- သျှမ်းပြည်မူးယစ်ဆေးဝါးစောင့်ကြည့်အဖွဲ့က လွှတ်တော်ထဲမှမူးယစ်ရာဇာ (Druglords in Parliament) ဟု အမည်ထားသည့် အစီရင်ခံစာတစ်စောင်ကို နိုဝင်ဘာ ၁၆ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်လိုက်ပြီး ယခုစတုတ္ထမြောက် အစီရင်ခံစာတွင် ရွေးကောက်ပွဲဝင်

လွှတ်တော်အမတ် ၇ ဦး၏ ဘိန်းစိုက်ပျိုးရေးလုပ်ငန်းနှင့် မဲဆွယ်မှုရှိခဲ့သည့်အကြောင်းများကို ဦးစားပေးဖော်ပြထားသည်ဟု အဖွဲ့ဥက္ကဋ္ဌ ဦးခွန်းဆိုင်က ပြောသည်။ (DVB 161111) Read More...

- ရခိုင်ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) မှ ၁၉၉၀ ခုရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် NLD နှင့် ALD အပါအဝင် အခြားနိုင်ငံရေးပါတီများသည် ယခင်ထားရှိသည့် မိမိတို့ရပ်တည်ချက်များကို ပြန်လည်သုံးသပ်၍ ရှေ့ဆက်လုပ်ငန်းများအတွက် ဆက်လုပ်ရန် နိုဝင်ဘာ ၁၅ ရက်နေ့က အိပ်ဖွင့်ပေးစာတစ်စောင်ပေးပို့လိုက်ကြောင်း AASYC ပြောရေးဆိုခွင့်ရှိသူ ကိုထွန်းဇော်က ပြောသည်။ (Narinjara 161111) Read More...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေးနမ်ဘီးယား (Vijay Nambiar) က မကြာသေးမီက ၎င်း၏မြန်မာနိုင်ငံခရီးစဉ်အတွင်း တွေ့မြင်ခဲ့ရသည့် ဖြစ်ပေါ်တိုးတက်မှုများကို နိုဝင်ဘာ ၁၄ ရက်နေ့၌ ပြုလုပ်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတံခါးပိတ်အစည်းအဝေးတွင် တင်ပြအစီရင်ခံခဲ့သည်ဟု မစ္စတာ နမ်ဘီးယား၏ အာရှရေးရာပြောရေး ဆိုခွင့်ရှိသူ မစ္စ ဆုမ်အား (Sohn Ah) ကပြောသည်။ (VOA 141111) Read More...
- အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် မကြာမီကျင်းပမည့် အာဆီယံ ထိပ်သီးညီလာခံအတွင်း မြန်မာနိုင်ငံတွင် မဖြေရှင်းနိုင်သေးသည့် တိုင်းရင်းသားအရေး၊ နိုင်ငံရေးနှင့်လူ့အခွင့်အရေးချိုးဖောက်မှု အရေးကိစ္စများကိုဆွေးနွေးကြရန် မြန်မာ့အရေးဆောင်ရွက်နေသည့် အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ AIPMC က တိုက်တွန်းလိုက်သည်။ (RFA 141111) Read More...
- အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်း၌ နိုဝင်ဘာ ၁၅ ရက်နေ့က စတင်ကျင်းပသော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးရန် သဘောတူကြောင်း အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများက ပြောကြားလိုက်သည်။ (Irrwaddy 151111) Read More...
- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန် ယူမည်ဆိုလျှင် ဒီမိုကရေစီရေးအတွက် နောက်ပြန်မလှည့် ကြည့်နိုင်သည့် တိုးတက်သည့်ပြောင်းလဲမှုများဖော်ဆောင်ရန်လိုအပ်ကြောင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများမှ မျှော်လင့်ထား အကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မာတီ နာတာလီဂါဝါက နိုဝင်ဘာ ၁၅ ရက်နေ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောဆို လိုက်သည်။ (VOA 161111) Read More...
- မြန်မာနိုင်ငံကို အလှည့်ကျဥက္ကဋ္ဌဖြစ်ရန် အာဆီယံအဖွဲ့၏ ဆုံးဖြတ်မှုသည် နိုင်ငံရေးအရသာဖြစ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိဆဲဖြစ်သည့်အတွက် အပြုသဘောဆောင် တိုးတက်မှုများမျှော်လင့်ကြောင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားက ပြောဆိုလိုက်သည်။ (VOA 171111) Read More...
- မြန်မာအစိုးရအနေဖြင့် ၂၀၁၄ အာဆီယံ ဥက္ကဋ္ဌ ဖြစ်လာမည့်အချိန်အထိ စောင့်မနေဘဲ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုအားလုံးကို အမြန်ဆုံး လုပ်ဆောင်သင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူး ချုပ် မစ္စတာဘန်ကီမွန်းက သမ္မတဦးသိန်းစိန်ကို တိုက်တွန်းလိုက် သည်။ (RFA 191111) Read More..., VOA...

### (ခ) အစိုးရ

- မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်သွားရန်အတွက် မြန်မာ့တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဒေါင်းတို့က နိုဝင်ဘာ ၁၅ ရက်နေ့က ဟန်နွိုင်း မြို့တော်တွင် ဆွေးနွေးသဘောတူညီခဲ့ကြပြီး နှစ်နိုင်ငံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ တစ်ခုကို လက်မှတ်ရေးထိုးရန်ရှိကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်ကပြောသည်။ (RFA 151111) Read More...
- မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားမှုများကို ဖယ်ရှားပေးရန်အတွက် မြန်မာအစိုးရအနေဖြင့် ဒီမိုကရေစီရေးနှင့်နိုင်ငံရေးပြုပြင် ပြောင်းလဲမှုများကို တိုးမြှင့်လုပ်ဆောင်ပေးရန် လိုအပ်နေဆဲဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် Mark Toner က နိုဝင်ဘာ ၁၄ ရက်နေ့က ထပ်မံပြောကြားလိုက်သည်။ (RFA 151111) Read More...
- မြန်မာအစိုးရသစ်၏ အစစ်အမှန်ပြောင်းလဲမှုများဆက်လုပ်ရန် သံမိဏ္ဍာန်ခိုင်မာမှုရှိမရှိစမ်းသပ်မှုအဖြေသည် ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးမှုပေါ်မူတည်နေသည်ဟု မြန်မာနိုင်ငံကိုသွားရောက်ခဲ့သည့် အမေရိကန်လက်ထောက်နိုင်ငံ ခြားရေးဝန်ကြီး မိုက်ကယ် ပို့စနာက ပြောကြားလိုက်သည်။ (VOA 161111) Read More...

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- မြန်မာနိုင်ငံကို အာဆီယံအလှည့်ကျ ဥက္ကဌ နေရာပေးရေးမပေးရေးသည် အာဆီယံအသင်းဝင်နိုင်ငံများကသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း အကယ်၍ပေးအပ်ရာတွင်လည်း အသင်းကြီး၏မျှော်မှန်းချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်မှုကို အလေးထားစဉ်းစားရန်လိုအပ်ကြောင်း အမေရိကန်အစိုးရကအာဆီယံကို တိုက်တွန်းလိုက်သည်။ (VOA 161111) Read More…
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်နေဆဲအပါအဝင် မြန်မာအစိုးရအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်ရန်အတွက် မြန်မာဘက်မှ ရှေ့ဆက်လုပ်ဆောင်ရမည့်ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်းဆက်ပြောရပါလိမ့်မည်ဟု အမေရိကန် သမ္မတ ဘရက်ခ်အိုဘားမားက ဩစတေးလျနိုင်ငံခရီးစဉ်တွင် ပြောဆိုလိုက်သည်။ (VOA 161111) Read More…
- အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် သွားရောက်မည့် ဒီဇင်ဘာလ ခရီးစဉ်သည် အမေရိကန်-မြန်မာ ဆက်ဆံရေးတွင် အရေးပါသည့်ခြေလှမ်းဖြစ်သော်လည်း မြန်မာလူထု၏ဆန္ဒနှင့်လိုအပ်ချက်များကိုသာ တုံ့ပြန်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက နိုဝင်ဘာ ၁၇ ရက်နေ့က ပြောကြားလိုက်သည်။ (VOA 181111) Read More…, Irrawaddy… Mizzima
- အမေရိကန်အစိုးရနှင့် မြန်မာအစိုးရအကြား ဆက်ဆံရေးတိုးမြှင့်မှုသည် တရုတ်နိုင်ငံကို အနီးကပ်စောင့်ကြည့်ရန် ရည်ရွယ်ချက်မရှိသည့်အတွက် တိုးတက်မှုတစ်ရပ်အဖြစ် တရုတ်အစိုးရက ကြိုဆိုသင့်ကြောင်း အမေရိကန်အစိုးရက နိုဝင်ဘာ ၁၈ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 181111) Read More…
- အမေရိကန် အထက်လွှတ်တော် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဌ အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ် (Jim Webb) က မြန်မာနိုင်ငံကို ရှေ့လ ဒီဇင်ဘာလထဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သွားရောက်မည့်ခရီးစဉ်အား ကြိုဆိုလိုက်ကြောင်း နိုဝင်ဘာ ၁၈ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ပြောဆိုလိုက်သည်။ (VOA 181111) Read More…
- မြန်မာအစိုးရအနေဖြင့် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်မည်ဆိုသည့် ကတိကဝတ်များအတိုင်း အပြည့်အဝဆောင်ရွက်မှသာ ၂၀၁၄ ခုနှစ် အာဆီယံ အလှည့်ကျ ဥက္ကဌ အဖြစ် မြန်မာအစိုးရမှတာဝန်ယူကျင်းပမည့် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲကို တက်ရောက်မည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် မစ္စ Julia Gillard က ပြောဆိုလိုက်သည်။ (RFA 191111) Read More …, VOA…

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာအစိုးရသစ်လက်ထက်တွင် ဖေါ်ဆောင်နေသည့် ပြုပြင်ပြောင်းလဲမှုများကို ဆန်းစစ်လေ့လာရန်အတွက် မြန်မာနိုင်ငံကို ရောက်ရှိလာမည့် ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Andrew Mitchell သည် မြန်မာနိုင်ငံထဲမှ အမှန်တကယ်လိုအပ်နေသည့်ဒုက္ခသည်များထံ အကူညီများရောက်ရှိရန်အတွက် သေချာစွာလုပ်ဆောင်သင့်ကြောင်း ဗြိတိန်နိုင်ငံအခြေစိုက်မြန်မာ့အရေးလှုပ်ရှားနေသည့် Burma Campaign UK အဖွဲ့ကြီးက တောင်းဆိုလိုက်သည်။ (VOA 151111) Read More…
- အာဆီယံနိုင်ငံများအနေဖြင့် ၂၀၁၄ ခုနှစ်မှာ အာဆီယံခေါင်းဆောင်ဖြစ်လာမည့် မြန်မာနိုင်ငံအတွက် လိုက်နာဆောင်ရွက်ရမည့် လူ့အခွင့်အရေးစံသတ်မှတ်ချက်များကို ရှင်းရှင်းလင်းလင်းထားရှိရန်လိုအပ်ကြောင်း လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ HRW က နိုဝင်ဘာ ၁၆ ရက်နေ့၌ တိုက်တွန်းလိုက်သည်။ (RFA 171111) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သည် နိုင်ငံရေးပါတီအဖြစ် တရားဝင်ရပ်တည်ပြီး ကြားဖြတ်ရွေးကောက်ပွဲဝင်ရေးသည် ကောင်းမွန်သည့်လုပ်ဆောင်ချက်ဖြစ်ကြောင်းနှင့် ယခုအဖွဲ့ချုပ်ဗဟိုကော်မတီအစည်းအဝေးမှတဆင့် ဆုံးဖြတ်မည်ဆိုပါကလည်း ယင်းသည်ယခုပြောင်းလဲလိုက်သည့် ပါတီမှတ်ပုံတင်ဥပဒေကြောင့်ဖြစ်သည်ဟု ဂျော့တောင်းတက္ကသိုလ်မှ ပါမောက္ခ ဒေးဗစ် စတိုင်းဘာ့ဂ်က ပြောသည်။ (BBC 181111) Read More…

---

*End of report/ Saturday, November 19, 2011*

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချီသည်။**

*Documentation and Research Department (NDD)*

---